ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ပင်လည်ဘူးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

## တိမ်းပင်ကျေးရွာ၊ တိုက်မွန်းအုပ်စု

၂၀၁၆ ခုနှစ်
ပင်လည်ဘူးမြို့

## မာတိကာ


၁။ပင်လည်ဘူးမြို့နယ်မြေပုံ ........................................ 2

၂။ဘန်ဘွေးကုန်းအုပ်စုမြေပုံ ........................................ 3

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ ........................................ 4

၄။ကျေးရွာအခြေခံအချက်အလက်များ ........................................ 4

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ........................................ 6

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ...8

အကြောင်းအရင်းများ/ အခက်အခဲများ ........................................ 15

........................................ **Error! Bookmark not defined.**

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ........................................ 30

၈။ကော်မတီဝင်များစာရင်း ........................................ 35

၉။ပုံစံစ-၁။ကျေးရွာအချက်အလက် ........................................ 36

၁၀။ပုံစံစ-၂။စီမံကိန်းစက်ဝန်းအချိန်ဇယား ........................................ 38

၁၁။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ........................................ 40

၁၂။ပုံစံစ-၄။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ ........................................ 44


၁၃။ပုံစံစ-၁၂။အစည်းအဝေးတက်ရောက်သူစာရင်း ........................................ 47

၁၄။အစည်းအဝေးမှတ်တမ်းများ ........................................ 51


၁၅။ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း ........................................ 54

၁၆။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) ........................................ 55

## ၁။ ပင်လည်ဘူးမြို့နယ် မြေပုံ



၂။ ဘန်ဘွေးကုန်းအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

တိုက်မွန်း၊ ကွမ်းတောင်း၊ တိမ်းပင် ကျေးရွာတို့ပါဝင်သည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

တိမ်းပင်ကျေးရွာသည် စစ်ကိုင်းတိုင်း၊ ကသာခရိုင်၊ ပင်လည်ဘူးမြို့နယ် တိုက်မွန်းအုပ်စုတွင် တည်ရှိပါသည်။ ပင်လည်ဘူးမှ မိုင်(၂၀)နီးပါး ကွာဝေးသောရွာဖြစ်ပါသည်။ နှစ်ပေါင်း(၂၀၀)ကျော်က စတည်ခဲ့သောကျေးရွာဖြစ်ကြောင်းသိရှိရသည်။ ထိန်ပင်ရှိသော၊ ပေါက်ရောက်သော အရပ်တွင် ရွာစတည်ခဲ့သောကြောင့် ထိန်ပင်ကျေးရွာဟုခေါ်တွင် ခဲ့ကြောင်းသိရသည်။ ယခုအချိန်တွင် အိမ်ခြေ(၄၇)အိမ်လောက်သာ ရှိကြောင်း ရေတွင်း များ မရှိကြောင်း၊ သက်ကယ်၊ထရံများဖြင့် ကာရံထားသောအိမ်များဖြစ်ကြောင်း၊ စိုက်ပျိုးရေးကိုသာ လုပ်ကိုင် ကြောင်း၊ ပညာရေးတွင်လည်း ဘုန်းတော်ကြီးသင် ပညာရေးပင်လျှင် ရှိပြီးအခြားရွာများတွင်သွားရောက်သင်ကြားရကြောင်း သိရှိရပါသည်။ လူသွားလမ်းများအဖြစ်သာ သွားလာနိုင်ကြောင်း သိရှိခဲ့ရပါသည်။ ယခု လက်ရှိအချိန်တွင် အိမ်ခြေပေါင်း(၄၀)ကျော်ရှိလာပြီး အစိုးရမူလတန်းပညာရေးဖြင့် ကိုယ့်ရွာကိုယ့်ကျောင်း ပညာသင်ကြားနိုင်ပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးများကိုတိုးချဲ့လုပ်ကိုင်လာကြသည်။ လမ်းပန်းဆက်သွယ်ရေးမှာ မြေသားလမ်းဖြစ်သော်လည်း ကားလမ်းအဖြစ် သွားလာ နိုင်ပြီဖြစ်ကြောင်း တွေ့ရှိ ရပါသည်။ ဖွံ့ဖြိုးတိုးတက်ဆဲရွာလေးဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။ ဘာသာရေးကိုအလေးထားသောရွာလေး ဖြစ်ကြောင်းတွေ့ရှိခဲ့ရပါသည်။

### ၂။ ထူးခြားဖြစ်စဉ်

မရှိပါ။

### ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | - | - | - | - |

### ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၄ | ၄ | ၁၄ | ၁၈ |
| မြေယာမဲ့ | ၂ | ၄ | ၄ | ၈ |
| မသန်စွမ်း | ၁ | - | ၁ | ၁ |
| | | | | |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ကုန်ရောင်းကုန်ဝယ် | |
| မြေပဲ | ဝက် | | |
| နှမ်း | ကျွဲ | | |
| ကြက်သွန် | နွား | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၈၀ဧက | ၆၀ဧက | ၂၀၀ မရှိ | ရှိ | ၄ | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | ၁ | ၀ | ၀ | ၀ | ၁ | ၃ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | လယ်ထွန်စက် | ထွန်ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၄ | ၇ | | ၂၀ | ၁၈၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | စပါးကြိတ်စက် |
| အရေအတွက် | ၄၀ | ၂၀ | ရှိ | ရှိ | - |

## ၈။ အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ

| အရင်းအမြစ် | ဆေးခန်း | အ.လ.က/အ.ထ.က | ဈေး | ကျွမ်းကျင်လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | - | ၄ | ၂၀ | - | - |

# ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း(Wealth Ranking) | ၆.၁.၂၀၁၆ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါး၊အလွန်နွမ်းပါးအုပ်စများ | ၂၄ | ၂၃ | ၄၇ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၇.၁.၂၀၁၆ | ကော်မတီဝင်၊ အမျိုးသမီး၊အမျိုးသားများ | ၁၆ | ၁၄ | ၃၀ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ကျေးရွာလူမှုရေးပြ၊ သယံဇာတပြမြေပုံ (Social Map/Resource Map) | ၈.၁.၂၀၁၆ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ | ၁၀ | ၅ | ၁၅ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၄ | ပြဿနာသစ်ပင် (Problem Tree) | ၇.၁.၂၀၁၆ | အမျိုးသားများကော်မတီဝင်များ | ၈ | - | ၈ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ကျန်းမာရေး၊ပညာရေး။ |
| ၅ | ပြဿနာသစ်ပင် ( Problem Tree) | ၇.၁.၂၀၁၆ | အမျိုးသမီးများ | - | ၈ | ၈ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ |
| ၆ | ကျေးရွာ၏ (၅)နှစ်စာ ဦးစားပေးအစီအစဥ်ပြ ဇယား(Metric Ranking) | ၆.၁.၂၀၁၆ | အမျိုးသားအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု၊ရပ်မိရပ်ဖအုပ်စု | ၂၄ | ၂၃ | ၄၇ | အကျိုးပြုဦးရေ၊ အကျိုးခံစားခွင့် နှင့် အဓိက လိုအပ်ချက်များပေါ် မူတည်၍ ဆုံးဖြတ်သည်။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၇.၁.၂၀၁၆ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီ/ထောက်အဖွဲ့ | ၁၆ | ၁၄ | ၃၀ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၈ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၉.၁.၂၀၁၆ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၀ | ၈ | ၁၈ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၉ | ပြဿနာ၊အခွင့်အရေး၊လက်ရှိအခြေအနေနှင့် ပြောင်းလဲမှုညွှန်းကိန်း | ၁၀.၁.၂၀၁၆ | ကျေးရွာစီ/ထောက်အဖွဲ့၊ကျေးရွာလူထု | ၈ | ၈ | ၁၆ | ပြဿနာ၊အခွင့်အရေး၊လက်ရှိအခြေအနေ ကိုသိရှိရန် နှင့် ပြောင်းလဲနိုင်သည်ပုံစံများ |
| ၁၀ | ကျေးရွာအိပ်မက်ပြမြေပုံ (Dream Map) | ၁၀.၁.၂၀၁၆ | ကျေးရွာစီ/ထောက်အဖွဲ့၊ကျေးရွာလူထု | ၈ | ၈ | ၁၆ | နောင်တစ်ချိန်တွင် ကျေးရွာတွင် ဖြစ်စေချင်သော/မြင်စေချင်သော အရာများ ထည့်သွင်းရေးဆွဲခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၁။ ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)

| အဆင့် | အခြေခံစံနှုန်းများ/ ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | အိမ်အခြေအနေ- သွပ်မိုး၊ ပျဉ်ကာ<br>မြေယာပိုင်ဆိုင်မှု- လယ်၄ ဧက အထက်<br>ကျွဲ၊ ၃ကောင် နွား- ၁၀ ကောင်အထက်<br>အခြားပိုင်ဆိုင်မှု- ကားဆိုင်ကယ်၊မြေထွန်စက်၊ လှည်း<br>ထွန်စက်၊TV | ၆ | ၁၃% |
| အလယ်အလတ် | အိမ်အခြေအနေ- သွပ်မိုး၊သက်ကယ်မိုး၊ ဝါးထရံကာ<br>မြေယာပိုင်ဆိုင်မှု- လယ်၂ ဧကနှင့်အထက်<br>ကျွဲ၊ နွား- ၅ ကောင်အထက်<br>အခြားပိုင်ဆိုင်မှု- ဆိုင်ကယ်၊ TV၊စပါးကြိတ်စက်၊ လှည်း၊<br>ထွန်စက် | ၂၇ | ၅၇% |
| နွမ်းပါး | အိမ်အခြေအနေ- သက်ကယ်မိုး၊ဝါးထရံကာ<br>မြေယာပိုင်ဆိုင်မှု- ၁ဧက<br>ကျွဲ၊ နွား- ၂ကောင်<br>အခြားပိုင်ဆိုင်မှု- TV၊လှည်း | ၁၀ | ၂၁% |
| အလွန်နွမ်းပါး | အိမ်အခြေအနေ- သက်ကယ်မိုး၊ ဝါးထရံကာ၊ မပြည့်မစုံ<br>မြေယာပိုင်ဆိုင်မှု- မရှိ<br>ကျွဲ၊ နွား- မရှိ<br>အခြားပိုင်ဆိုင်မှု- မရှိ | ၄ | ၉% |
| | စုစုပေါင်း | ၄၇ | ၁၀၀ |

၂။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



## သုံးသပ်ချက်

**ရာသီဥတု**-တပို့တွဲလလယ်မှစ၍ နယုန်လအထိ နွေရာသီဖြစ်ပါသည်။နယုန်လလယ်မှစ၍ တော်သလင်းလအထိမိုးရာသီဖြစ်ပါသည်။ သီတင်းကျွတ်လမှစ၍ တပို့တွဲလလယ်အထိ ဆောင်းရာသီဖြစ်ပါသည်။

**စိုက်ပျိုးရေး**-နယုန်လတွင်စတင်ပြီး ပျိုးပင်များအဖြစ် ပြုစုပျိုးထောင်ခြင်း၊ လယ်ယာများထွန်ယက်ခြင်း စသည်တို့ကို လုပ်ဆောင်ကြပါသည်။ မိုးရာသီတွင် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးကာ စားသုံးကြပါသည်။ မိမိလယ်ယာများကို စိုက်ပျိုးသောအိမ်ထောင်စုများ ရှိသော်လည်းလယ်ယာမဲ့အိမ်ထောင်စုများလည်း ရှိပါသည်။

**မွေးမြူရေး**-ကြက်၊ဂက်၊ကျွဲ၊နွားများကို စားကျက်မြေများတွင် တနိုင်တပိုင်မွေးမြူကြပါသည်။

**နေ့စားလုပ်ငန်း**-လယ်ယာစိုက်ပျိုးချိန်တွင်သာ တစ်နေ့-၃ဂဂဂကျပ်နှုန်းဖြင့် နေ့စားလုပ်ငန်းကို လုပ်ကိုင် ကြပြီး ကျန်လရာသီအချိန်များတွင် နေ့စားလုပ်ငန်းမရှိပါ။

**သဘာဝဘေးအန္တရာယ်-** တန်းခူး၊ ကဆုန်၊ နယုန်လများတွင် လေပြင်းတိုက်ခတ်မှုဒဏ်၊ မိုးသီးကျရောက်မှုဒဏ်အနည်းငယ်ကြုံတွေ့ရပါသည်။

**ဝမ်းစာဖူလုံမှု**-ဂါခေါင်၊တော်သလင်း၊ သီတင်းကျွတ်လများတွင် အများအားဖြင့် မလုံလောက်မှု ပြဿများကြုံတွေ့ရပါသည်။

**အလုပ်သမားရှားပါးမှု**-လယ်ယာလုပ်ငန်းများ တိုက်ဆိုင်နေချိန်တွင် အလုပ်သမားရှားပါးမှုပြဿနာများရှိပါသည်။

**ပွဲတော်များ-** လရာသီအလိုက် ပွဲတော်များ ကျင်းပပြုလုပ်ကြပါသည်။ အများအားဖြင့် နွေဦးရာသီ ရောက်ချိန်တွင် အလှူပွဲ၊ ဘုရားပွဲများ ကျင်းပပြုလုပ်ကြပါသည်။

၃။ ကျေးရွာလူမှုရေးပြမြေပုံ နှင့် သုံးသပ်ချက်



သုံးသပ်ချက်

**လူနေထိုင်မှု ပုံစံ-** စီးပွားရေးအဆင့် လေးဆင့်သတ်မှတ်၍ရပြီး ကျေးရွာအတွင်းတွင် ရောနှောပြန့်ကျဲစွာ နေထိုင်ကြပါသည်။ လူမျိုးစု၊ လူနည်းစု ဟူ၍ခွဲခြားနေထိုင်ကြခြင်းမရှိပါ။

**လမ်းပန်းဆက်သွယ်ရေး-**ရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးရာသီတွင် သွားလာရန် ခက်ခဲမှု ရှိသည်။ ရွာချင်းဆက်လမ်းများမှာလည်း ဗွက်အိုင်ထူထပ်ခြင်း၊ ကျဉ်မြောင်းခြင်းတို့ကြောင့် သွားလာမှု ခက်ခဲပါသည်။

**ကျန်းမာရေး-**ကျေးရွာဆေးပေးခန်းမရှိသော်လည်း တိုက်မွန်းကျေးရွာရှိဆေးပေးခန်းသို့ သွားရောက်ကာ ကျန်းမာရေးကုသမှုများ ခံယူကြပါသည်။ ကျေးရွာရှိကုန်စုံဆိုင်များတွင် ဆေး(စားဆေး)များကို ဝယ်ယူစားသုံး ကြပါသည်။ ကိုယ်ဝန်ဆောင်မိခင်များမှာ အများအားဖြင့် အရပ်လက်သည်များဖြင့်သာ မွေးဖွားကြရပါသည်။ ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်၊ သက်ကြီးဘိုးဘွားများမှာ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းနေသေး ကြောင်းတွေ့ရှိရပါသည်။

**သောက်သုံးရေ-**ကျေးရွာထိပ်တွင်ရှိသော လက်တူးတွင်းများနှင့် အဂီစိတွင်းများမှ ရေကို ခပ်ယူသောက်သုံး ကြပါသည်။ သုံးရေအဖြစ်ရွာဘေးတွင် စီးဆင်းလျက်ရှိသော နားမော်ချောင်းမှ ခပ်ယူအသုံးပြုကြပါသည်။

## ၄။ကျေးရွာအရင်းအမြစ်ပြမြေပုံနှင့်သုံးသပ်ချက်



## သုံးသပ်ချက်

**ပတ်ဝန်းကျင်ရှိအရင်းအမြစ်များ**-ရွာပတ်ဝန်းကျင်ရှိ သစ်တောများမှ ထင်းများထုတ်ယူသုံးစွဲကြပါသည်။ ရေအရင်းအမြစ်အားဖြင့် နားမော်ချောင်းရေအား စိုက်ပျိုးရေအဖြစ် နွေ၊မိုး၊ ဆောင်းကာလပတ်လုံးအသုံးပြုကြပါသည်။ ကျေးရွာ၏ အရှေ့မြောက်ဘက်တွင် လယ်ကွင်းများနှင့် စားကျက်မြေများရှိပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် သစ်တောများရှိပြီး သောက်သုံးရေလုံလောက်မှုရှိပါသည်။

**စီးပွားရေးလုပ်ကိုင်စားသောက်ရသောအရင်းအမြစ်**-လယ်ယာမြေများကို အသုံးပြု၍ စပါး၊ မြေပဲ၊ ကြက်သွန်၊ နှမ်းစသည်တို့ကို အဓိကထား၍ စိုက်ပျိုးကြပါသည်။ သီးနှံထွက်နှုန်းပေါ်မူတည်ကာ ဝင်ငွေရရှိပါသည်။ စားကျက်မြေများကို အသုံးပြု၍ ကျွဲ၊ နွားများ မွေးမြူကြပါသည်။ အသေးစားစီးပွားရေးလုပ်ငန်းအဖြစ် ကြက်၊ ဝက်တို့ကို မွေးမြူကြပါသည်။

**အရင်းအမြစ်နှင့်ဆက်စပ်သောပြဿနာများ**-သစ်တောများပြုန်းတီးမှုများလာခြင်းကြောင့် ရာသီဥတုဖောက်ပြန်မှုများရှိလာပါသည်။ မိုးခေါင်မှုများဖြစ်ခြင်းကြောင့် ရာသီသီးနှံများ အချိန်မှီ မစိုက်ပျိုးနိုင်ခြင်း၊ မိုးများ၍ ရေကြီး၊ ရေလျှံမှုများကြောင့် လယ်ယာသီးနှံများ ပျက်စီးခြင်းစသည့်ပြဿနာများ ကြုံတွေ့ရပါသည်။ သီးနှံအထွက်နှုန်းလျော့ကျခြင်း၊ စီးပွားရေးနှောင့်နှေးခြင်း၊ ဝမ်းစာဖူလုံမှု နည်းလာခြင်းစသည့် အကျိုးဆက်များကို ရရှိလာပါသည်။ လမ်းပန်းဆက်သွယ်ရေးမကောင်း ခြင်း၊ ကျေးရွာအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်မှုအားနည်းခြင်းကြောင့် ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ အသိပညာများ အားနည်းမှုရှိကြောင်း တွေ့ရှိရပါသည်။

## ၅။ အမျိုးသားများတင်ပြသော ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း



**အကြောင်းအရင်းများ/ အခက်အခဲများ**

| | | | | | |
|---|---|---|---|---|---|
| ၁ | ချောင်းကူးတံတားမရှိခြင်း | ၂ | ရွာချင်းဆက်လမ်းမကောင်းခြင်း | ၃ | စာကြည့်တိုက်မရှိခြင်း |
| ၄ | လျှပ်စစ်မီး(တာဘိုင်)မပြုလုပ်နိုင်ခြင်း | ၅ | ရွာတွင်းလမ်းမကောင်းခြင်း | ၆ | စိုက်ပျိုးရေးနည်းပညာ အားနည်းခြင်း |
| ၇ | အသက်မွေးဝမ်းကြောင်းပညာမရှိခြင်း | | | | |

**အကျိုးဆက်များ**

၁ ပညာရေး၊စီးပွားရေး၊ လူမှုရေးလက်လှမ်းမမီခြင်း

၂ မိုးရာသီတွင်းဗွက်အိုင်ထူထပ်ခြင်း၊ ကျန်းမာရေးအခက်အခဲဖြစ်ခြင်း

၃ လူငယ်များပညာဗဟုသုတအားနည်းခြင်း

၄ ငွေကြေးအခက်အခဲရှိခြင်း၊ ကျေးရွာတိုးတက်မှုအားနည်းခြင်း

၅ လမ်းကျဉ်းမြောင်းခြင်း၊ ဗွက်ထူထပ်ခြင်း

၆ သီးနှံအထွက်နှုန်းနည်းခြင်း ၊ဝင်ငွေနည်းခြင်း

၇ မိသားစုစားဝတ်နေရေးခက်ခဲခြင်း၊ ဝမ်းစာရေး၊ ပညာရေးခက်ခဲခြင်း

**ဖြေရှင်းနည်းလမ်း**

၁ ချောင်းကူးတံတားတည်ဆောက်ခြင်း

၂ ရွာချင်းဆက်လမ်းများကျောက်ခင်းခြင်း

၃ စာကြည့်တိုက်ဆောက်လုပ်ခြင်း


၄ တာဘိုင်ပြုလုပ်ခြင်း

၅ ရွာတွင်းလမ်းပြုပြင်ခြင်း

၆ စိုက်ပျိုးရေးနည်းပညာသင်တန်းများပေးခြင်း

၇ စက်ပြင်သင်တန်း၊ယာဉ်မောင်းသင်တန်း၊လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာများ ပံ့ပိုးခြင်း

၆။ အမျိုးသမီးများတင်ပြသော ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း



**အကြောင်းအရင်းများ/ အခက်အခဲများ**

| | | | | | |
|---|---|---|---|---|---|
| ၁ | မူကြိုကျောင်းမရှိခြင်း | ၂ | ရွာချင်းဆက်လမ်းမကောင်းခြင်း | ၃ | စက်ရေတွင်းမရှိခြင်း |
| ၄ | စာကြည့်တိုက်မရှိခြင်း | ၅ | ချောင်းကူးတံတားမရှိခြင်း | ၆ | လက်မှုပညာအားနည်းခြင်း |
| ၇ | စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းမရှိခြင်း | ၈ | သားငါးမွေးမြူရေးအားနည်းခြင်း | | |

**အကျိုးဆက်များ**

၁။ အမျိုးသမီးဝင်ငွေရရှိမှုအားနည်းခြင်း၊ ကလေးများပညာရေးနှောင့်နှေးခြင်း

၂။ မိုးအခါဖွက်အိုင်ထူထပ်ခြင်း၊စီးပွားရေးတိုးတက်မှုနှောင့်နှေးခြင်း

၃။ အမျိုးသမီးများသောက်သုံးရေလွယ်ကူစွာမရရှိနိုင်ခြင်း

၄။ ပညာဗဟုသုတအားနည်းခြင်း

၅။ ကျန်းမာရေး၊လူမှုရေး၊ ပညာရေးနောက်ကျခြင်း

၆။ ဝင်ငွေမရရှိနိုင်ခြင်း


၇။ကုန်ကြမ်းအဖြစ်သာရောင်းချရသောကြောင့် ဝင်ငွေရရှိမှုနည်းခြင်း

၈။အစာအဟာရချို့တဲ့ခြင်း၊ ဝင်ငွေမရှိခြင်း

**ဖြေရှင်းနည်းလမ်း**

| | | | | | |
|---|---|---|---|---|---|
| ၁ | မူကြိုကျောင်းဆောက်လုပ်ခြင်း | ၂ | ရွာချင်းဆက်လမ်းကျောက်ခင်းခြင်း | ၃ | စက်ရေတွင်းတူဖော်ခြင်း |
| ၄ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၅ | ချောင်းကူးတံတားတည်ဆောက်ခြင်း | ၆ | စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုးသင်တန်းပို့ပိုးပေးခြင်း |
| ၇ | စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းပို့ပိုးခြင်း | ၈ | သားငါးမွေးမြူရေးနည်းပညာပို့ပိုးပေးခြင်း | | |

၇။ ဦးစားပေးအစီအစဉ်ပြဇယား (Matrix Ranking)



**စီမံကိန်းပထမနှစ်တွင်** စီမံကိန်း ပထမနှစ်တွင် စာသင်ကျောင်းများကြက် ပြုပြင်ခြင်းကို ရံပုံငွေ ၅ဂ၈ဂဂဂဂိ/-ကျပ်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

စီမံကိန်း ဒုတိယနှစ်တွင် ပထမဦးစားပေးအနေဖြင့် နမော်ချောင်းကူးတံတား တည်ဆောက်ခြင်းကို ရံပုံငွေ (၁၉၂ဂဂဂဂဂိ/-)ကျပ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ ဗင်းပုံစံကိုသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်



## သုံးသပ်ချက်

### ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ

ကျေးရွာအတွင်းရှိအဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ အမျိုးသား၊အမျိုးသမီးအဖွဲ့၊ ဂေါပကအဖွဲ့၊ တိကုအဖွဲ့၊ မီးသတ်အဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအထောက်အကူပြုကော်မတီများရှိကြပြီး ကျေးရွာ ဖွံ့ဖြိုးရေး အကျိုးပြုလုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ကြပါသည်။

### ကျေးရွာပြင်ပအဖွဲ့အစည်းများ

ကျေးရွာပြင်ပအဖွဲ့အစည်းများတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဌာန၊ လဂက၊ မြန်မာ့စီးပွားရေးဘဏ်၊ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ သမဝါယမဦးစီးဌာန စသည့်ဌာနများ၏ ပံ့ပိုးဆောင်ရွက်မှုသာရှိပြီး၊ ကျေးရွာလူထုများမှာ သက်ဆိုင်ရာဌာနများသို့ လိုအပ်သလို ချိတ်ဆက်ဆောင်ရွက်မှု၊ အကူအညီ အရေးပေါ်အခြေအနေများအား တင်ပြတောင်းဆိုမှုများ အသင့်အတင့်သာရှိပြီး အားနည်းနေသေးကြောင်းတွေ့ရှိရပါသည်။ အသက်မွေးဂမ်းကြောင်းလုပ်ငန်းအတွက် အရင်းအနှီးရရှိရန် မြို့နယ်သမဝါယမအသင်း၊ မြစိမ်းရောင်စီမံကိန်းကဲ့သို့ ချေးငွေပံ့ပိုးသည့် စီမံကိန်းဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ အသက်မွေးဂမ်းကြောင်းပညာသင်တန်းများရရှိရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ရပါမည်။ ကျေးရွာသားများအနေဖြင့် ပညာဗဟုသုတနည်းပါးခြင်း၊ ဂင်ငွေရှားပါးမှု၊ အတွေးအခေါ်အမြော်အမြင်နည်းပါးမှုစသည့် အခက်အခဲများကို ထိုးဖောက်ကျော်လွှားကာ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

### အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

#### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးမပြုလုပ်မီအချိန်တွင် အစည်းအဝေးတွင် အမျိုးသမီးအချိုးညီစွာပါဝင်ရန် သက်ဆိုင်ရာကော်မတီသို့ ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာတက်ရောက်၍ သင်ပြတောင်းဆိုပြောကြားလိုသော အကြောင်းအရာများကိုလွတ်လပ်ပွင့်လင်းစွာ ပြောဆိုနိုင်ကြောင်းပြောပြထားပါသည်။ ကျေးရွာအုပ်စုသို့ တင်ပြထားသောလုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။လူထုလုပ်အားဖြင့် ဆောင်ရွက်သောလုပ်ငန်းဖြစ်ပါက တူညီသောလုပ်ငန်းအတွက် တူညီသောလုပ်အားခများ ပေးချေရမည်ဖြစ်ကြောင့်ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကိုထည့်သွင်းထားပြီး အမျိုးသားအမျိုးသမီးခွဲခြားထားမှုများမရှိစေရန် ရည်ရွယ်ထားကြောင်းရှင်းလင်း ပြောကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများဦးဆောင်နိုင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်လာစေရန် ၊ကော်မတီများဖွဲ့စည်းရာတွင်အမျိုးသား၊ အမျိုးသမီး အချိုးတူပါဝင်နိုင်ရန်၊ ဆပ်ကော်မတီတစ်ခုတိုင်းတွင် အနည်းဆုံးအမျိုးသမီးတစ်ဦးပါဝင်ရန်စသည်တို့အား ဆွေးနွေးလုပ်ဆောင်ခဲ့ပါသည်။အမျိုးသမီးများ၏ တင်ပြဆွေးနွေးနိုင်မှုရှိလာခြင်း ၊ ဆုံးဖြတ်ချက်များချလာနိုင်ခြင်းများ ပြုလုပ်လာနိုင်ရန် ပံ့ပိုးကူညီသွားရန်လိုအပ်ကြောင်းဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးများတွင် အမျိုးသမီးများသည်မိမိတို့လိုအပ်ချက် အခက်ခဲများကို ထုတ်ဖော်ဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုငယ်များဖွဲ့၍ ဆွေးနွေးစေခြင်းများပြုလုပ်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၁၇.၁၁.၂၀၁၆**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သောအချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီအချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ | √ | | |

| | | | | |
|---|---|---|---|---|
| | အမျိုးသား အမျိုးသမီး အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၉။ ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်



## သုံးသပ်ချက်

### ရပ်ရေးရွာရေးတွင်ပူးပေါင်းပါဝင်မှု

ကျေးရွာဖွံ့ဖြိုးရေးကိစ္စများတွင် အမျိုးသမီးများမှ သာလွန်ကာ ပူးပေါင်းပါဝင်ကြောင်းသိရှိရပါသည်။ ကျေးရွာသားများအားလုံး စည်းရုံးမှုအနည်းငယ်အားနည်းနေသေးကြောင်းသိရှိရပါသည်။

### ဝင်ငွေရရှိမှု

- အမျိုးသားများမှ ဝင်ငွေရရှိမှုသည် အမျိုးသမီးများထက် သာလွန်နေကြောင်း၊ အမျိုးသမီးများသည် အိမ်မှုကိစ္စ၊ ကလေးဝေယျာဝစ္စများဖြင့် အချိန်ကုန်ကာ ဝင်ငွေရရှိမှု အားနည်းကြောင်း တွေ့ရှိရပါသည်။

### အလုပ်အကိုင်အခွင့်အလမ်း

- တိမ်းပင်ကျေးရွာသည်လယ်ယာလုပ်ငန်းများ လုပ်ကိုင်ချိန်တွင်သာ နေ့စားလုပ်ငန်း၊ အလုပ်အကိုင်ရှိသော်လည်း၊ နွေရာသီများတွင် အလုပ်အကိုင်ရှားပါးမှု ပြဿနာများရှိနေပါသည်။ အလုပ်အကိုင်အခွင့်အလမ်းရှားပါးအားနည်းကြောင်း တွေ့ရှိရပါသည်။

**ပညာတတ်မြောက်မှု**

- မူလတန်းမူလွန်အဆင့် ပညာရေးဖြင့် ကျေးရွာတွင် သင်ကြားကာအခြားကျေးရွာ၊ မြို့များသို့ သွားရောက်ကာ ပညာဆက်လက်သင်ကြားကြပါသည်။ တိမ်းပင်ကျေးရွာတွင် ပညာရေးအားအလေးထား၊ ဦးစားပေးမှုများ၊ အားပေးမှုများ ရှိနေကြောင့် တွေ့ရှိရပါသည်။

**အရင်းအမြစ်အပေါ် လက်လှမ်းမှီမှု**

- လယ်ယာလုပ်ငန်းလုပ်ကိုင်သော်လည်း သဘာဝအရင်းအမြစ်များကို အမျိုးသားများမှ ပို၍လက်လှမ်းမှီစေပါသည်။

**ရပ်ရေးရာရေးတွင် ခေါင်းဆောင်မှု**

- အမျိုသမီးများ ပြောရဲဆိုရဲ ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန် စီမံကိန်းမှ ပို၍တွန်းအားပေးရပါမည်။

၁၀။ ပြဿနာ၊ အခွင့်အရေး၊ လက်ရှိအခြေအနေ နှင့် ပြောင်းလဲမှုညွှန်းကိန်း နှင့် အနှစ်ချုပ်

| စဉ် | ပြဿနာ | အခွင့်အရေး | လက်ရှိအခြေအနေ | ပြောင်းလဲမှုညွှန်းကိန်း |
|---|---|---|---|---|
| ၁ | မိုးရာသီတွင်သွားလာရန်ခက်ခဲ၊ ကျေးရွာတိုး တက်မှုနောင့်နေးခြင်း | နားမောချောင်းကူးတံတား(ကြိုးတံတား) ပြုလုပ်ရန် | ယာယီတံတားဆောက်လုပ်ကာသွားလာနေခြင်း | ရာသီမရွေးသွားလာနိုင်၊ အခြားရွာများလည်းသွားလာနိုင် |
| ၂ | မိုးရာသီတွင်ဗွက်အိုင်ထူထပ်ခြင်း၊ သွားလာရန်ခက်ခဲခြင်း | ရွာချင်းဆက်လမ်း | သွားလာ၍ရသောလည်း လမ်းမကောင်းခြင်း | ရာသီ အချိန်မရွေး သွားလာရန်လွယ်ကူ |
| ၃ | အမျိုးသမီးများ သောက်သုံးရေလွယ်ကူစွာမရရှိခြင်း | စက်ရေတွင်းတူးဖော်ရန် | လက်တူးတွင်းမှ ခပ်ယူအသုံးပြုခြင်း | သောက်သုံးရေပိုမိုလွယ်ကူစွာရရှိလာနိုင် |
| ၄ | လမ်းကျဉ်းမြောင်း၊ ဗွက်အိုင်ထူထပ်ခြင်း | ရွာတွင်းလမ်းပြုပြင်ရန် | ကားများ၊ဆိုင်ကယ်များသွားလာရန်ခက်ခဲခြင်း | ယာဉ်၊ကားများသွားလာ၍ ကျေးရွာတိုးတက်မှုပိုရှိလာနိုင် |
| ၅ | ကလေးများပညာရေးတိုးတက်မှုမရှိ အမျိုးသမီးဝင်ငွေရရှိမှုအားနည်း | မူကြိုကျောင်း ဆောက်လုပ်ရန် | မူကြိုကျောင်းမရှိ၊ ကလေးသူငယ်များ ပညာရေးနောက်ကျခြင်း | အမျိုးသမီးများဝင်ငွေပိုရရှိခြင်း၊ ကလေးများတိုးတက်မှုရှိခြင်း |
| ၆ | ပညာဗဟုသုတအားနည်းခြင်း | စာကြည့်တိုက်ဆောက်လုပ်ခြင်း | စာကြည့်တိုက်မရှိခြင်း လူငယ်လူရွယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုရှိခြင်း | အသိပညာကြွယ်ဝလာနိုင်ခြင်း၊ အတွေးအခေါ်မြင့်မားလာနိုင်ခြင်း |

၁၁။ ကျေးရွာအိပ်မက်ပြမြေပုံ နှင့် သုံးသပ်ချက်



## သုံးသပ်ချက်

ရွာတွင်းလမ်း၊ ရွာချင်းဆက်လမ်းများကို ကျောက်ခင်းလမ်းများဖြင့်လွယ်ကူစွာ သွားလာနိုင်ရမည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကြောင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေးလက်လှမ်းမှီမှုဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်သော ကျေးရွာလေးဖြစ်လာရမည်။စီမံကိန်းပထမနှစ်တွင် စာသင်ကျောင်းမျက်နှာကျက်များ ပြုလုပ်ထားပြီးဖြစ်၍ ကလေးများလုံခြုံစိတ်ချစွာ ပညာသင်ကြားလာနိုင်သည်။ နားမော်ချောင်းကူးတံတားများ ဆောက်လုပ်ပြီးစီးကာ ကျေးရွာ၏စီးပွားရေး၊ ပညာရေး၊ လူမှုရေးများ မြင့်မားတိုးတက်လာရမည်။မူကြိုကျောင်းများ ရရှိလာကာ ကလေးပညာရေးတိုးတက်မြင့်မားလာပြီ အမျိုးသမီးဝင်ငွေရရှိမှု မြင့်မားလာနိုင်မည်ဖြစ်ပါသည်။စက်ရေတွင်း၊ စာကြည့်တိုက်များလည်းပြည့်စုံကာ အသိပညာဗဟုသုတများ တိုးပွားလာနိုင်မည်။လျှပ်စစ်မီးလင်းရေးတွင်လည်း(၂၄)နာရီအထိရရှိကာ လူနေမှုအဆင့်အတန်း၊ အသုံးအဆောင်ပစ္စည်းများ ပိုမိုတိုးတက်မြင့်မားကာ ဆက်သွယ်ရေးစနစ်များ ကောင်းမွန်မှုများကြောင့် အသိပညာ၊ နည်းပညာများ တိုးတက်ကာ ကျေးရွာဖွံ့ဖြိုးမှုတွင်လည်း လျှင်မြန်စွာ တိုးတက် ဖြစ်ထွန်းလာရပါမည်။

## ကျေးရွာမျှော်မှန်းချက် လေ့ကျင့်ခန်းမှ ရရှိလာသော ရလဒ်

| | |
|---|---|
| ကျေးရွာ၏ မျှော်မှန်းချက် | ရွာချင်းဆက်လမ်း၊ရွာတွင်းလမ်း၊စာသင်ကျောင်းများ ကောင်းမွန်၍ လူမှုစီးပွားရေးအတွက် အဆင်ပြေလာပြီး ပညာရေးအတွက်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ပညာရပ်များ၊ စိုက်ပျိုး၊မွေးမြူရေးဆိုင်ရာနည်းပညာများ အရင်းအနှီးများ ရရှိလာမှုတို့ကြောင့် လူနေမှုအဆင့်အတန်းများ မြင့်မားလာရမည်။ |
| အနာဂတ်တွင် ကျေးရွာပိုမိုဖွံ့ဖြိုးတိုးတက်ရန် ကျေးရွာသားများ၏ မျှော်မှန်းထားရှိမှု | လူထုဗဟိုပြုစီမံကိန်း၏ ထောက်ပံ့ငွေဖြင့် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေစေရန် ရွာတွင်းတံတားများ တည်ဆောက်ပါမည်။ ကလေးများလုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ရန်အတွက် စာသင်ကျောင်းများတည် ဆောက်ပါမည်။ စီမံကိန်းမှ အကောင်အထည်မဖော်ဆောင်နိုင်သော လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ နှင့်ချိတ်ဆက်လုပ်ကိုင်ဆောင်ရွက်သွားပါက ကျေးရွာ၏ လူနေမှု၊ စီးပွားရေး၊ ပညာရေး အဆင့်အတန်း မြင့်မားလာပါမည်။ |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသားအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



လူငယ်အုပ်စု၏ မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



ပထမနှစ်လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



ပထမနှစ်လုပ်ငန်းခွဲပြီးစီးမှု မှတ်တမ်းဓါတ်ပုံ



ဒုတိယနှစ် လုပ်ငန်းမပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား-မ | ရာထူး |
|---|---|---|---|
| ၁ | ဦးအေးကို | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၂ | ဒေါ်ဂင်းရွှေ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၃ | ဦးသန်းအောင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၄ | ဦးချစ်ဆန်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်မပြုံး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးညိုစိမ့် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၇ | ဦးတင်စိုး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်ခိုင်ဦး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးငမြို့ | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ ၊ဥက္ကဌ |
| ၁၀ | ဒေါ်လှညို | မ | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆက်ကော်မတီ၊အဖွဲ့ဝင် |
| ၁၁ | ဒေါ်ဂင်းနွဲ့ | မ | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆက်ကော်မတီ၊အဖွဲ့ဝင် |
| ၁၂ | ဦးမျိုးဂင်း | ကျား | အငြင်းပြုချက်ဖြေရှင်းရေး |
| ၁၃ | ဒေါ်ဂင်းပြုံး | မ | အငြင်းပြုချက်ဖြေရှင်းရေး |
| ၁၄ | ဦးအောင်ကံ | ကျား | စေတနာ့ဝန်ထမ်း |
| ၁၅ | ဒေါ်ဂင်းမာ | မ | စေတနာ့ဝန်ထမ်း |
| ၁၆ | ဦးငွေအောင် | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၆) ယောက်　　ကျား-၉ ယောက် +မ-၇ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

ဦးအေးကို　　ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊အဖွဲ့ဂင်

ဒေါ်ဂင်းရွှေ　　ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်နန်းမြတ်မွန်
ရာထူး။ လူထုစည်းရုံးရေးမှူး
ရက်စွဲ။ ........./............./.................

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ-၁ - ကျေးရွာ အချက်အလက် (FORM PC 1)

လမ်းညွှန်ချက်/ ကျေးရွာတစ်ရွာသို့ ပထမဆုံး မိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍တောင်းခံရမည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီ တောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| | | |
|---|---|---|
| ရာအိမ်မှူးအမည် ဦးဧဓာဝင်း | ဖုန်း | စည်းရုံးရေးမှူးအမည် |

| | | | |
|---|---|---|---|
| ပြည်နယ်/ တိုင်းဒေသကြီး စစ်ကိုင်း | မြို့နယ် ပင်လည်ဘူး | ကျေးရွာအုပ်စု တိုက်ကျွန်း | ကျေးရွာ တိမ်းပင် |

(က) လူဦးရေ

| တိုင်းရင်းသား | အိမ်ထောင်စုပေါင်း |
|---|---|
| ၁။ ဗမာ | ၄၉ |
| ၂။ | |
| ၃။ | |
| ၄။ အခြားတိုင်းရင်းသား လူမျိုးရောများ | |

| ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုပေါင်း |
|---|---|
| ၁။ ဗုဒ္ဓ | ၄၉ |
| ၂။ | |
| ၃။ | |
| ၄။ | |

| | ကျား (အရေအတွက်) | မ (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၃၆ | ၁၄၉ |
| အိမ်ထောင်ဦးစီး | ၃၄ | ၁၅ |

(ခ) ကျေးရွာရှိ အခြေခံ အဆောက်အအုံ (Facilities)

| ပညာရေး | ခြစ်ပါ | ကျန်းမာရေး | ခြစ်ပါ | ဘာသာရေး | ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | ဘုရား/စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယန်ဘုရားကျောင်း | ☐ |
| အခြား [illegible] | ☑ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း ၊ ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ

| ပညာရေး | နေထိုင် | လည်ပတ် | ကျန်းမာရေး | နေထိုင် | လည်ပတ် | တည်ဆောက်ရေး | နေထိုင် | လည်ပတ် |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/ဆရာမ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အလယ်တန်းပြဆရာ/ဆရာမ | ☐ | ☐ | လ/ထကျန်းမာရေးမှူး | ☐ | ☐ | ပန်းရန် | ☑ | ☐ |
| အထက်တန်းပြဆရာ/ဆရာမ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ဆိုင်ရာ | ☐ | ☐ |
| မူကြိုဆရာ/ဆရာမ | ☐ | ☐ | အရံသားဖွား | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား ၁/၂ | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______ |

(င) ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (Village Development Plan) (အမှန်ခြစ်ပါ)

(၁) လူထုဗဟိုပြုစီမံကိန်း မတိုင်မီက ကျေးရွာစီမံကိန်း ရှိသလား ရှိ/ မရှိ/ မသိ

(၂) ရှိလျှင် မည်သည့်နှစ်က ရေးဆွဲခဲ့သလဲ ______ နှစ်/ မသိပါ

(၃) မြို့နယ်အတည်ပြုချက် ရရှိထားသလား ရှိ/ မရှိ/ မသိ

(စ) ခရီးအကွာအဝေး (Distance)

